ARAKAN ROHINGYA NATIONAL ORGANISATION

အာရ်ကာန် ရိုဟင်ဂျာအမျိုးသား အဖွဲ့ချုပ်

Press release: 5 September 2017

Stop Rohingya Genocide in Arakan

Since 11 August, with the massive deployment of army in northern Arakan/Rakhine State, the Myanmar authorities have resumed unprecedented campaign of genocide against Rohingya population. From 25 August the human rights situation of Rohingya became worse after an armed group calling itself Arakan Rohingya Salvation Army (ARSA) made desperate attacks on multiple police outposts and an army camp in response to criminal atrocities and other inhuman acts against the civilians held in confinement in some villages of Rathedaung township in order to starve them to death.

Rohingya villages were torched and destroyed; mass killings of civilians took place all over northern Arakan. The brute forces are carrying out methodical assaults on Rohingya villages using machineguns, rocket launchers and helicopter gunships. Members of the Hindu community were also targeted.

Security forces cordoned off the villages, as the fire raining down, and then shot and stabbed civilians. The helpless people were subject to indiscriminate attacks everywhere -- in houses, villages, escape routes, hiding places, mountain passes, dales and rivers. An estimated 5,000 people, including children, women and old men, were killed and over 50 villages were wholly destroyed. Death toll is rising every day. Independent verification of the figure is almost impossible as no independent international media, humanitarian NGOs and human rights actors are given access to northern Arakan. There were instances that dead bodies were gathered, poured petrol over the bodies and burned down into ashes.

At least 200,000 new arrivals have taken shelters in the bordering places of Cox's Bazar and Bandarban districts of Bangladesh carrying horrific accounts of massacre and 'atrocity crimes' at the hands of the Myanmar barbarous soldiers and state sponsored Buddhist extremists. Majority refugees are children (who include orphans), women, and old men. They are largely traumatized and facing a great humanitarian disaster.

Many terrified and escaping villagers were trapped while trekking towards Myanmar-Bangladesh border. About 100,000 people are now stuck up inside Arakan throughout the border. They are in great danger. On the other hand, the Buddhist extremists belonging to 969 Nazi-like terror group and Rakhine terrorists of the Arakan Liberation Party/ALP (a ceasefire group) are attacking those hiding and fleeing people. Everywhere the Rohingyas are unsafe.

Acts of mass atrocity and genocide against the defenceless Rohingya civilians can never be a purely internal matter of Myanmar. The UN and international community have jurisdiction over it and should intervene solely to save the millions of lives and human security.

We, therefore, appeal to the UN, OIC, international community, Asean, powerful countries and Myanmar's neighbours to intervene immediately in the matter to rescue and protect the helpless Rohingya people from genocide and to provide them with humanitarian assistance both in Arakan and Bangladesh on humanitarian grounds.

For more details, please contact:
Australia: Dr. Hla Myint + 61-423381904
Bangladesh: Ko Ko Linn: + 880-1726068413
Canada: Nur Hasim: +1-519-5725359
Japan: Zaw Min Htut + 81-8030835327
U.K. Ronnie: +44-7783118354
USA: Dr. Habibullah: +1-4438158609

Email: info@rohingya.org
www.rohingya.org

သတင်းထုတ်ပြန်ချက်။

စက်တင်ဘာ (၅) ရက်နေ့၊ ၂၀၁၇ ခုနှစ်။

ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာလူမျိုးတုံး သတ်ဖြတ်မှုကို ရပ်တန့်ပေးရန်။

ဩဂုတ်လ (၁၁) ရက်နေ့မှစ၍ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ၌ စစ်တပ်များ အဆမတန် ဖြန့်ကျက်ထားပြီး၊ မြန်မာအာဏာပိုင်များသည် ရိုဟင်ဂျာတို့အပေါ် မကြုံစဖူးသည့် လူမျိုးတုံး သတ်ဖြတ်မှုကို ပြန်လည်စတင်ခဲ့သည်။ ဩဂုတ်လ (၂၅) ရက်နေ့တွင် မိမိကိုယ်ကို ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် (ARSA) ဟု ခေါ်ဆိုနေကြသည့် အုပ်စုတစ်ခုက မြန်မာစစ်တပ်မှ အဝတ်ဘေးကြုံ သေစေလိုသည့် ရည်ရွယ်ချက်ဖြင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ရိုဟင်ဂျာကျေးရွာအချို့၌ အရပ်သားများအပေါ် ရက်စက်ယုတ်မာမှုများနှင့် လူမဆန်သည့် အပြုအမူများကို ကျူးလွန်လျက်ရှိသည်ကို တုန့်ပြန်သည့်အနေဖြင့် ရဲစခန်းအမြောက်အများနှင့် စစ်တပ်စခန်းတစ်ခုကို စိတ်ပျက်လက်ပျက် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည့်အပြီး ရိုဟင်ဂျာတို့၏ လူ့အခွင့်အရေး အခြေအနေသည် အလွန်ပင် ဆိုးရွားလာခဲ့သည်။

ရိုင်းစိုင်းကြမ်းတမ်းသည့် မြန်မာတပ်သားများသည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ နေရာအနှံ့အပြားတွင် ရိုဟင်ဂျာကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ အရပ်သားများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာတပ်မတော်သားများသည် ရိုဟင်ဂျာကျေးရွာများအပေါ် စက်သေနတ်များ၊ ဒုံးပစ်လောင်ချာများနှင့် စစ်ရဟတ်ယာဉ်များကို နည်းလမ်းတကျ အသုံးပြု၍ လက်ရောက်ကျူးလွန်မှုများ ပြုလုပ်လျက်ရှိသည်။ ထို့အပြင် ရိုဟင်ဂျာများနည်းတူ ဟိန္နူလူမျိုးစုများကိုလည်း ပစ်မှတ်ထားလာကြသည်။

လုံခြုံရေးတပ်သားများသည် ရိုဟင်ဂျာကျေးရွာများကို ဝန်းရံပိတ်ဆို့ပြီး ကျည်ဆံမိုးများ ရွာသွန်းစေပြီးနောက် အရပ်သားများအား သေနတ်ဖြင့် ပစ်သတ်ခြင်း သို့မဟုတ် မားဖြင့်ထိုးသတ်ခြင်း အမှုများ ကျူးလွန်နေကြသည်။ ဤတွင် အားကိုးရာမဲ့နေသည့် ပြည်သူများသည် မိမိတို့၏နေအိမ်များ အတွင်း၌လည်းကောင်း၊ ကျေးရွာများ အတွင်း၌လည်းကောင်း၊ ထွက်ပြေးလွတ်မြောက်သည့် လမ်းကြောင်းများ၌လည်းကောင်း၊ ပုန်းအောင်းလျက်ရှိသည့် နေရာများ၌လည်းကောင်း၊ တောင်ကျော်လမ်းများ၌လည်းကောင်း၊ မြစ်ချောင်းများ၌လည်းကောင်း စသည့်နေရာတိုင်းတွင် မခွဲမခြား ကျူးကျော်တိုက်ခိုက်ခံနေရသည်။ ယင်းကဲ့သို့ ပြုလုပ်မှုများကြောင့် ကျေးရွာအုပ်စုပေါင်း (၅၀) ကျော်သည် လုံးဝ ဖျက်ဆီးခြင်းခံခဲ့ရပြီး ခန့်မှန်းခြေအားဖြင့် ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် သက်ရှိရွယ်အိုများအပါအဝင် လူ (၅၀၀၀) ခန့် သတ်ဖြတ်ခံခဲ့ရသည်။ သေဆုံးမှုနှုန်းသည် နေ့စဉ်နှင့်အမျှ မြင့်တက်လာကြပြီး မြန်မာအာဏာပိုင်တို့သည် အဆိုပါ အခင်းဖြစ်ပွားရာဒေသများသို့ လွတ်လပ်သည့် အပြည်ပြည်ဆိုင်ရာသတင်းဌာနများ၊ လူသားချင်းစာနာသည့် အကူအညီပေးရေး အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး လှုပ်ရှားသူများအား သွားရောက်ခွင့် ပိတ်ပင်တားမြစ်ထားသဖြင့် အသက်ဆုံးခံရသူနှင့် ကျေးရွာ၊ အိုးအိမ်များဖျက်ခံဆီးရမှု စာရင်းဇယား တိတိကျကျကို အတည်ပြုနိုင်ခြင်း မရှိသေးပေ။ လူသေအလောင်းများကို စုပြုံစေပြီး ယင်းတို့အပေါ် ဓါတ်ဆီလောင်းကာ မီးရှို့ပြာချခြင်းဖြင့် အလောင်းကောင်များ ဖျောက်ဖျက်သည့် ဖြစ်စဉ်များလည်း ရှိပါသည်။

ရိုင်းစိုင်းသည့် မြန်မာတပ်သားများနှင့် နိုင်ငံတော်က ကမကထပြုသော ဗုဒ္ဓဘာသာ အစွန်းရောက်ဝါဒီတို့ ကြောက်ခမန်းလိလိ အစု လိုက်အပြုံလိုက် သတ်ဖြတ်ခံနေမှုနှင့် ရက်စက်ယုတ်မာသည့် ဒုစရိုက်ကျူးလွန်နေမှုများကြောင့် ယခုအခါ နောက်ထပ်ခန့်မှန်း လူဦးရေ အနည်းဆုံး ၂၀၀,၀၀၀ ကျော်တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စဘဇားနှင့် ဘန်ဒေါရ်ဘန် နယ်စပ်ခရိုင်များအတွင်း ဝင်ရောက်ခိုလှုံလျက်ရှိသည်။ ယင်းကဲ့သို့ ခိုလှုံသူများအထဲတွင် အမျိုးသမီးများ၊ သက်ကြီးရွယ် အိုများနှင့် ကလေးသူ

ငယ် (မိဘမဲ့များအပါအဝင်) များ အများစုပါဝင်ပြီး၊ လူအတော်များများသည် စိတ်တုန်လှုပ်ချောက်ချားသည့် ဝေဒနာနှင့် အလွန်ကြီးမားသည့် လူမှုအကျပ်အတည်းကို ရင်ဆိုင်နေကြရပါသည်။

တဖန် ရွာသားများသည် အလွန်တရာ ထိပ်လန့်ကြောက်ရွံ့သဖြင့် လွတ်မြောက်လိုၗ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဆီသို့ ဦးတည်သွားလာနေကြရာၦလည်း ချောင်ပိတ်ခံနေပါသည်။ ရခိုင်ပြည်နယ်အတွင်း နယ်စပ်တလျှောက် လူ (၁၀၀,၀၀၀) ခန့် သောင်တင်လျက် ရှိနေသည်။ အခြားတဖက်တွင် နာဇီနည်းတူ အစွန်းရောက် ဗုဒ္ဓဘာသာဝင် ၉၆၉ အုပ်စုနှင့် အစိုးရတပ်နှင့် ငြိမ်းချမ်းရေး ရယူထားသည့် ရခိုင်လက်နက်ကိုင် အကြမ်းဖက်အုပ်စု တစ်ခုဖြစ်သော ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ (ALP) ကလည်း တောတွင်းပုန်းအောင်းနေသူများကို တိုက်ခိုက်လျက်ရှိသည်။ သို့ဖြစ်၍ ရိုဟင်ဂျာတို့အဖို့ နေရာတိုင်း၌ လုံခြုံမှုကင်းမဲ့လျက် ရှိနေပါသည်။

အကာအကွယ်မဲ့ ရိုဟင်ဂျာ အရပ်သားများအပေါ် အစုလိုက်အပြုံလိုက် ယုတ်မာရက်စက်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများသည် မြန်မာနိုင်ငံ ပြည်တွင်းရေးသက်သက် မည်သည့်အခါမျှ မဖြစ်နိုင်ပေ။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ယင်းလုပ်ရပ်များပေါ် တရားစီရင်ပိုင်ခွင့်ရှိပြီး သန်းနှင့်ချီသည့် လူ့အသက်များကို ကယ်တင်ရန်နှင့် ဘဝလုံခြုံရေးတို့အတွက် အလုံးအရင်း ကြားဝင်စွတ်ဖက်သင့်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ကုလသမဂ္ဂ၊ အိုအိုင်စီ၊ နိုင်ငံတကာ အသိုင်းအဝိုင်း၊ အာဆီယံ၊ အင်အားကြီးနိုင်ငံများနှင့် မြန်မာ့အိမ်နီးချင်းနိုင်ငံများအား ဤကိစ္စ ရပ်ကို အမြန်ဆုံး ကြားဝင်စွတ်ဖက်ပြီး အားကိုးရာမဲ့ လူသားတို့အား လူမျိုးတုံးသတ်ဖြတ်ခံနေရမှုမှ ကယ်တင်ရန်နှင့် အကာအကွယ်ပေးရန်၊ ထို့အပြင် ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားသည့် နယ်ပယ်မှနေ၍ ၎င်းတို့အား အထောက်အပံ့များဖြင့် ပံ့ပိုးပေးပါရန် အနှုံးအညွှန့် တောင်းဆိုအပ်ပါသည်။

အသေးစိတ် သိရှိလိုပါက -
ဩစတြေးလျ - ဒေါက်တာ လှမြင့်၊ +၆၁-၄၂၃၁၈၁၉၇
ဘင်္ဂလားဒေ့ရှ် - ကိုကိုလင်း၊ +၈၈၀-၁၇၂၆၀၆၈၄၁၃
ကနေဒါ - နူရိဟာရှင်(မ)၊ +၁-၅၁၉-၅၇၂၅၃၅၉
ဂျပန် - ဇော်မင်းထွဋ်၊ +၈၁-၈၀၃၀၈၃၃၂၂၇
ယူကေ - ရော်နီ၊ +၄၄-၇၇၈၃၁၁၈၃၅၄
အမေရိကန် - ဒေါက်တာ ဟာဘီဘုလ္လာ၊ +၁-၄၄၃၈၁၅၆၀၉

Email: info@rohingya.org
www.rohingya.org